လျှို့ဝှက်

၂၂၂၃
၁.၆.၂၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၃

**၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်**

**( ၂၀၂၃ ခုနှစ်၊ မေ လ ၃၁ ရက် )**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ၊ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေး ပြန်လည်ကောင်းမွန်တိုးတက်လာစေရန်နှင့် ပြည်တွင်း အသေးစား၊ အငယ်စား ၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၌ ထုတ်လုပ်မည့် လောင်စာဆီသုံးယာဉ်များ Semi-Knocked Down – SKD စနစ်နှင့် Completely Knocked Down – CKD စနစ်တို့ဖြင့် တင်သွင်းခြင်းအတွက် အကောက်ခွန်နှုန်းထားများအား အောက်ပါအတိုင်း ဖြေလျှော့ခွင့်ပြုလိုက်သည် –

| စဉ် | ယာဉ်အမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | | | ဖြေလျှော့ကောက်ခံမည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| (က) | 2000 CC နှင့်အောက် လူစီးမော်တော်ယာဉ် | ၃၀% | ၇.၅ % | ၅ % | - | ၅ % | ၃ % |
| (ခ) | 2001 CC နှင့်အထက် လူစီးမော်တော်ယာဉ် | ၄၀ % | ၇.၅ % | ၅ % | - | ၅ % | ၃% |
| (ဂ) | သုံးဘီးမော်တော် ဆိုင်ကယ် (လူစီး) | ၂၀ % | ၇.၅ % | ၅ % | - | ၃ % | ၁.၅ % |
| (ဃ) | သုံးဘီးမော်တော် ဆိုင်ကယ် (ကုန်တင်) | ၁၀ % | ၇.၅ % | ၅ % | - | ၃ % | ၃ % |
| (င) | Bus များ | ၁၀ % | ၇.၅ % | ၅ % | - | ၃ % | ၃ % |

လျှို့ဝှက်

| စဉ် | ယာဉ်အမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | | | ပြေလျှော့ကောက်ခံမည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| (စ) | Truck / Body Building ပြုလုပ်ရန် Truck များ | ၁၀ % | ၇.၅ % | ၅ % | - | ၃ % | ၃ % |
| (ဆ) | မော်တော်ဆိုင်ကယ် | ၅ % | ၃ % | ၃ % | - | ၁.၅ % | ၁.၅ % |

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ အထိ အကျိုးသက်ရောက်စေရမည်။

၃။ ယခင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၉-၇-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်၊ ၈၄/၂၀၂၀၊ ၁၀-၁၂-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်၊ ၁၃၈/၂၀၂၀ နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၂-၆-၂၀၂၂ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ်၊ ၃၇၂ /၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၃/၁( ၃၈၉၅ /၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေ လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံစာရင်းကောင်စီ
အခွန်အယူခံခုံအဖွဲ့ရုံး
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနနှင့် အဖွဲ့အစည်းများအားလုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန်။
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

(မောင်မောင်ဝင်း)
ဒုတိယဝန်ကြီး